တြိန်းကျွန်းကျေးရွာ

တြိန်းကျွန်းကျေးရွာအုပ်စု၊ ဝါးခယ်မမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

(၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

တြိန်းကျွန်းကျေးရွာအုပ်စု၊ တြိန်းကျွန်းကျေးရွာ၊ ဝါးခယ်မမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက

ကူညီရေးဆွဲသည်။)

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီ	
	တြိန်းကျွန်းကျေးရွာသယံဇာတပြမြေပုံ၊ဝါးခယ်မမြို့နယ်	
၁။	**တည်နေရာနှင့်ပထဝီဝင်အနေအထား**	
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
၄။	**စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)စိုက်ပျိုးရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့်ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**	
၈။	**ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မရေးရာဆိုင်ရာကိစ္စ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	

	နောက်ဆက်တွဲ(၄)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)	
	နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၂)	
	နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၃)	

စကားချီး

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် မှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော တြိန်းကျွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၊ ကျေးရွာရပ်မိ ရပ်ဖများ ၊ ကျေးရွာ ပြည်သူများနှင့် ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ တြိန်းကျွန်းရွာမကျေးရွာ၏ ကျေးရွာပြည်သူများ ပါဝင်ကာ စီမံကိန်း ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီပေးခဲ့သည့် စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာရှိ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေး အတွက် အစီအစဉ် အစီအမံများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူ တစ်ရပ်လုံးပါဝင်၍ စနစ်တကျရွေးချယ်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်မှု အားနည်းခဲ့ပါသည်။ ယခုအခါ ကျေးရွာ ပြည်သူလူထုများကိုယ်တိုင် တက်တက်ကြွကြွ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ကာ နည်းလမ်းစနစ်တကျအသုံးပြု၍ စဉ်းစားတွေးခေါ် တိုင်ပင်ဆွေးနွေး အဖြေရှာခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ်ရေးဆွဲနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျေးရွာဒေသဆိုင်ရာ လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ လူနေထိုင်မှု အကျင့်စရိုက်များစသည့် အသေးစိတ် စာရင်းများကိုပါ သိရှိဖော်ထုတ်နိုင်ခဲ့ပါသည်။

ကျေးရွာတွင်း အရေးကြီးလိုအပ်သည့် ကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခု၏ဆုံးဖြတ်ခြင်းမျိုးမဟုတ်ပဲအများပြည်သူဆန္ဒဖြင့် ပွင့်လင်းမြင်သာ

စွာစနစ်တကျ ရွေးချယ်ခဲ့သည့်အတွက် ကျေးရွာပြည်သူများ ပူးပေါင်း ပါဝင်တတ်သည့် အလေ့အကျင့်ကောင်းများ၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းကျကျ ပွင့်လင်းမြင်သာစွာဆောင်ရွက်တက်သည့် အလေ့အကျင့်ကောင်းများပါ ရရှိစေသည့်အတွက် လွန်စွာတန်ဖိုးကြီးမားပါသည်။ ထိုပြင် ထပ်မံလိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဌာန ဆိုင်ရာများနှင့် ချိတ်ဆက်

ဆောင်ရွက် လုပ်ကိုင်ရမည်ကိုလည်း ကောင်းစွာနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလတွင် ရရှိ ခဲ့သည့် အချက်အလက်များကို စုစည်း၍ ကောက်ယူထားခြင်းဖြစ်သော်လည်း နောင်ကာလများ တွင် ရရှိမည့် ကိန်းဂဏန်း ၊ ဒေသဆိုင်ရာအချက်အလက်များကို ထပ်မံစုစည်းထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံကောင်းမွန်လာမည်မှာ ဧကန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများနှင့် ရင်ဆက်၍ ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေး ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေး ၊ နာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပူးပေါင်း ပါဝင်မှုဖြင့် ဆောင်ရွက်သွားမည် ဆိုပါက မလွဲဧကန်တိုးတက်ပြောင်းလဲလာမည် ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးအစီအစဉ်အလိုက် လုပ်ငန်း များစုစည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ ကျေးရွာပြည်သူများအနေဖြင့် မျှော်လင့်ပါသည်။ နောက် နောင်များတွင်လည်း ထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက် အခြေအနေများ ကို ဆန်းစစ်သုံးသပ်ရန် နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများလည်း ရရှိမည် ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။

ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရပ်မရပ်ဖ နှင့် ကျေးရွာပြည်သူများပူးပေါင်း ပါဝင် ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေ အနေများ၊ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၊ ကျေးရွာရှိလူမှုစီးပွားရေး အခြေအနေ စသည့် အသေးစိတ် အချက်အလက်များ စနစ်တကျထည့်သွင်းရေးဆွဲထားသဖြင့် တြိန်းကျွန်း ကျေးရွာအတွက် အကျိုးကျေးဇူးများစွာရရှိစေမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တြိန်းကျွန်းကျေးရွာ
တြိန်းကျွန်းကျေးရွာအုပ်စု
ဝါးခယ်မမြို့နယ်

ရက်စွဲ၊၂၀၁၉ခုနှစ်၊ လ ရက်

၃

(၁) တည်နေရာနှင့်ပထဝီဝင်အနေအထား

ဝါးခယ်မမြို့သည် ဧရာဝတီတိုင်းဒေသကြီး ၊ မြောင်းမြခရိုင် အတွင်းတွင်တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် (၄၅၉.၅၂) ဧရိယာစတုရန်းမိုင် ကျယ်ဝန်းပြီး မြောင်းမြမြို့နယ် ၊ အိမ်မဲမြို့နယ်၊ ပန်းတနော်မြို့နယ် ၊ မအူပင်မြို့နယ် ၊ မော်လမြိုင်ကျွန်းမြို့နယ် ၊လပွတ္တာမြို့နယ်များနှင့် နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိပါသည်။ဝါးခယ်မမြို့နယ်တွင် မြို့(၂)မြို့ရှိပြီး ဝါးခယ်မမြို့ပေါ်ရပ်ကွက် (၁၄) ရပ်ကွက် ၊ ကျုံမငေးမြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက် စုစုပေါင်း(၁၉)ရပ်ကွက်ရှိပါသည်။ ကျေးရွာအုပ်စု (၁၂၅) အုပ်စု ၊ ကျေးရွာပေါင်း(၅၈၁)ရွာ ရှိပါသည်။ မြေပြန့်ချိုင့်ဝှမ်း၊ မြေပြန့်လွင်ပြင်နှင့် မြစ်ချောင်းများရှိပြီး ကျန်မြို့နယ်များ၏ မြေပြန့်လွင်ပြင် မြစ်ချောင်းများနှင့်ဆက်စပ်လျက်ရှိပါသည်။

တြိန်းကျွန်းကျေးရွာသည် ဝါးခယ်မမြို့၏ အရှေ့အရပ်တွင် တည်ရှိ၍ တြိန်းကျွန်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ဝါးခယ်မမြို့ နှင့် (၂၀) မိုင်ခန့် ကွာဝေးပြီး ကုန်းလမ်း ၊ ရေလမ်းခရီး (၂)မျိုးလုံး ဖြင့် သွားလာပါသည်။ ပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှာ (ကမ်းပြိုးဟသ်ာဒုံး)အစရှိသည့် ကျေးရွာအုပ်စုများဖြစ်ပြီး မအူပင်မြို့နယ် နယ်နိမိတ် အနီးတွင်တည်ရှိပါသည်။

(၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ဝါးခယ်မမြို့နယ်သည် စိုစွတ်သောရာသီဥတုရှိပြီး မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၆ မိနစ်မှ ၁၆ဒီဂရီ ၅၀ မိနစ်ကြား၊အရှေ့လောင်ဂျီကျွတ်၅၅ဒီဂရီဝ၁မိနစ်မှ ၉၅ဒီဂရီ၃၀မိနစ်ကြားတွင် တည်ရှိပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇွန်လ၊ဇူလိုင်နှင့်ဩဂုတ်လ တို့ဖြစ်ပါသည်။

ဝါးခယ်မမြို့နယ်သည် မြစ်ချောင်းများ ပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်းမှာ ပြန့်မလောမြစ် ဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေ စသည်ဖြင့် အသုံးပြုနိုင်ပြီး သဘော်၊ စက်လှေများလည်း သွားလာနိုင်သော မြစ်များဖြစ်ပါသည်။

တြိန်းကျွန်းကျေးရွာတွင် လယ်မြေ (၇၂) ဧက၊ ဥယျာဉ်ခြံမြေ(၅၉)ဧက၊ ကိုင်း/ကျွန်းမြေ (၃၁၁)ဧကရှိပြီး စုစုပေါင်းမြေ (၄၄၂)ဧကရှိပါသည်။ကျေးရွာတွင် မိုးစပါး၊ နွေစပါး ကို အဓိက စိုက်ပျိုးကြပြီး၊ ရာသီအလိုက် ပဲ၊ ငရုတ်၊ ပြောင်း၊ ပကန် စသည့်အခြားသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်စေသော ဆေးဘက်ဝင်အပင်များလည်း တွေ့ရှိရပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာရှိပြည်သူများစုစည်းအားဖြင့် ကျေးရွာတွင်းရှိဖွံ့ဖြိုးရေးလုပ်ငန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ သာရေး / နာရေး ၊ ပညာရေး ၊ ဖွံ့ဖြိုးရေး ၊ မီးဘေး ၊ အမျိုးသမီးရေးရာနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုမှာအားကောင်းပါသည်။ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ကာ အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်များနှင့်ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

တြိန်းကျွန်းကျေးရွာတွင် လယ်မြေကော ၂.၅ ဧက အောက် ပိုင်ဆိုင်သော ဆင်းရဲသား တောင်သူ(၉၇)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကအထိ ပိုင်ဆိုင်သော တောင်သူငယ်(၂၆)အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား ပိုင်ဆိုင်သော တောင်သူလတ်(၁၇)အိမ်ထောင်စု၊ ၁၂.၅ဧကထက် ပိုင်ဆိုင်သော တောင်သူကြီး (၃)အိမ်ထောင်စုရှိကြပြီး လယ်မြေ နှင့် ဥယျာဉ်ခြံမြေကော ပိုင်ဆိုင်သော တောင်သူ လယ်သမား အိမ်ထောင်စု များသည် အများအားဖြင့် စပါးစိုက်ပျိုး ထုတ်လုပ်ခြင်းကို အဓိကထား လုပ်ကိုင်ကြပြီး ပဲ၊ငရုတ်၊အစေ့ထွတ်ပြောင်း၊ပကန် အစရှိသည့် အခြားသီးနှံများကို ရာသီပေါ်အဖြစ် စိုက်ပျိုးထုတ်လုပ်ကြပါသည်။ စိုက်ပျိုး ထုတ်လုပ်ခြင်းကို ဦးစားပေး ဆောင်ရွက်သော လယ်သမားများနှင့် လုပ်သားများ နေထိုင်ရာ ကျေးရွာတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာ၏ ဆန်စပါးထုတ်လုပ်မှု နှင့် သက်ဆိုင်သော သဘာဝအရင်းအမြစ်များ ပေါများသည့် အလျောက် အကျိုးအမြတ်များ ပိုမို ဖြစ်ထွန်းရန်အတွက် အကျိုးအမြတ်ပိုမိုရရှိရေး ရာသီဥတု မရွေးစိုက်ပျိုးနိုင်သည့် အထွက်နှုန်း တိုးသော စပါးမျိုးကောင်းမျိုးသန့်ရရှိရေး စျေးကွက်အတွင်း အဆင့်မှီရောင်းချနိုင်သည်အထိ တိုးတက် ထုတ်လုပ်နိုင်သည့် နည်းလမ်းများကို ရှာဖွေအားထုတ်

ရမည်ဖြစ်ပါသည်။ လယ်ယာ/ဥယျာဉ်ခြံ စိုက်ပျိုးရေးလုပ်ကိုင်သူများမှာ ကိုယ်ပိုင်စိုက်ပျိုးရေးသုံး ကိရိယာများအနေဖြင့် လက်တွန်း ထွန်စက်၊ရိတ်စက်၊ ခြွေလှေ့စက်၊ မြက်ရိတ်စက်၊ ရေစုပ်စက်၊ အစေ့ချကိရိယာများ ပိုင်ဆိုင်ကြပါသည်။

တြိန်းကျွန်းကျေးရွာသည် မြို့နယ်နှင့်အလှမ်းကွာဝေးသဖြင့် စိုက်ပျိုးထုတ်လုပ်ရေး အတွက် ဝန်ဆောင်မှုများရရှိရန်ခက်ခဲပြီး စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်မှုများလွယ်ကူစွာရရှိနိုင်ပါက သီးနှံအထွက်နှုန်းမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

တြိန်းကျွန်းကျေးရွာတွင် နွားမွေးမြူထားသည့်အိမ်ထောင်စု(၂)အိမ်သာရှိပြီး နွားကောင်ရေ(၄)ကောင်မွေးမြူထားပါသည်။အခြား တစ်ပိုင်တစ်နိုင် မွေးမြူရေးအဖြစ် ဝက်မွေးမြူသည့် အိမ်ထောင်စု(၂၂)အိမ်ရှိပြီး ဝက်ကောင်ရေ(၃၅)ကောင်၊ကြက်မွေးမြူသည့်အိမ်ထောင်စု(၇၃)အိမ်ရှိပြီး ကြက်ကောင်ရေ(၆၀၃)ကောင်၊ ဘဲမွေးမြူသည့်အိမ်ထောင်စု(၄)အိမ်ရှိပြီး ဘဲကောင်ရေ(၁၈)ကောင် မွေးမြူကြပါသည်။ ကျေးရွာ၌ ငါးမွေးမြူရေးလုပ်ငန်းနှင့် ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုမှာမရှိသလောက် ရှားပါးပါသည်။ ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာနှင့်ရောဂါ ကာကွယ်ရေး၊ ကုသရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးပါက စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများကို တွင်ကျယ်စွာလုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

တြိန်းကျွန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားလုပ်ငန်း လုပ်ကိုင်သူများမှာ စျေးဆိုင် ၊ သီးနှံအရောင်းအဝယ်၊ ငါးဖမ်းခြင်း၊ ငါးရှဉ့် မြှုံးထောင်ခြင်း၊ ဆိုင်ကယ်ကယ်ရီလိုက်ခြင်း ၊ အခြားကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပြီး ပြင်ပသို့သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။ ကျပန်းလုပ်သားများအနေဖြင့် အားလပ်သော အချိန်များတွင် ဝင်ငွေရ လုပ်ငန်းလုပ်ကိုင်နိုင်ရန် စိတ်အားထက်သန် နေကြပြီး နည်းပညာ နှင့် ငွေကြေအရင်းအနှီး လိုအပ်မှုများရှိနေပါသည်။လုပ်ငန်း နှင့် သင့်လျော်သော ထုတ်ချေးငွေရရှိပါက စက်လှေဝယ်ယူ၍ စပါးပို့လိုခြင်း၊ တစ်ပိုင်တစ်နိုင် မုန့်လုပ်ငန်းများ၊ ခေါင်းရွက် ဗျက်ထိုးလုပ်ကိုင်လိုခြင်း၊ အိမ်ဆိုင်ဖွင့်လိုခြင်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ(ဆံပင်ညှပ်၊ စက်ချုပ်၊ ဆိုင်ကယ်ပြင်) လုပ်ကိုင်လိုကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေချေးရန် အရင်းအမြစ်များမှာ သမဝါယမဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်အခြားအဖွဲ့စည်းများပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင် သူများကိုသာ ထုတ်ချေးပြီး တစ်ဧကျှင် (၁၅၀၀၀၀/-) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။

အများဆုံး ထုတ်ချေးသည့် ဧကမှာ (၁၀) ဧက အတွက် အများဆုံး ကျပ်သိန်း (၁၅၀၀၀၀၀/-) သိန်းဖြစ်ပါသည်။ အတိုးနှုန်း မှာ (၀.၆၇) ကျပ် ဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ (၇) လသာ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ဧက ကုန်ကျစရိတ်မှာ (၂) သိန်းကျပ်ခန့် ကုန်ကျသော

ကြောင့် သွင်းအားစုများနေပြီး ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။

တိုန်ကျွန်းကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် အခြား ဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါ သည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် စပါးသီးနှံ(ကာတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြား သီးနှံစိုက်ပျိုးရေးတောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့်ချိတ်ဆက် လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ကျေးရွာသား များလိုအပ်သော ချေးငွေများထုတ်ချေးပေး နိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက် နှင့်အညီ ပြောင်းလဲသင့်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

တိုန်းကျေးရွာသည် ဝါးခယ်မမြို့၏အရှေ့ဘက်တွင်တည်ရှိပြီး ဝါးခယ်မမြို့နှင့် (၂၀)မိုင် ခန့် ကွာဝေးပါသည်။ ဝါးခယ်မမြို့သို့ ရေလမ်း/ကုန်းလမ်း ခရီးနှစ်မျိုးစလုံးဖြင့် သွားလာနိုင်သော်လည်း အများသောအားဖြင့် ရေလမ်းခရီးကိုသာ အဓိကအားပြု၍ သွားလာကြပါသည်။ ကျေးရွာမှာ မအူပင်မြို့နယ်နယ်နမိတ်အစပ်နှင့်နီးသည့်အတွက် ကုန်စည်များဝယ်ယူရာတွင် မအူပင်မြို့နယ် အပိုင် ရေလဲကလေးစျေးသို့ အများဆုံးသွားလာကြပါသည်။ ရွာတွင်းလမ်းများမှာ မြေသားလမ်း များဖြစ်ပြီး မိုးတွင်းကာလများ တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝပ်ခြင်း ၊ ရွံ့ထခြင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ ပို့ဆောင်ဆက်သွယ်ရေးယာဉ်များအဖြစ် လှေ၊ စက်လှေ၊ စက်ဘီး၊ မော်တော် ဆိုင်ကယ်၊သုံးဘီးဆိုင်ကယ်၊ထော်လာကျီတို့ကိုအသုံးပြုကြပါသည်။ ရွာတွင်းလမ်းအားမြေသားတိုးချဲ့ ပြုပြင်ခြင်းလုပ်ငန်းများကို ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထားရှိလျက်ရှိ ပါသည်။

(ခ) ကျေးရွာမီးလင်းရေး

တြိန်းကျွန်းကျေးရွာနေအိမ်ထောင်စုများမှာ ဆိုလာ၊ ဒီဇယ်အင်ဂျင်၊ ဖယောင်းတိုင်၊ ဘတ္ထရီ၊ မီးအသုံးပြုကြပါသည်။ ကိုယ်ပိုင်ဒီဇယ်အင်ဂျင်နှင့်အငှား မီးသုံးစွဲကြသော အိမ်ထောင်စု အချို့ရှိပြီး ကျေးရွာ နေပြည်သူအများစုမှာ မီးလင်းရေးအတွက် ဘတ္ထရီငှားရမ်းအသုံးပြုမှု၊ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်တို့ကို အသုံးပြုလျှက်ရှိပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

တြိန်းကျွန်းကျေးရွာတွင် မုန်တိုင်းသတင်း၊ ငလျင်သတင်းနှင့် အခြား သာရေး၊ နာရေး သတင်းများရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း ၊ တီဗွီသတင်းစောင့်ကြည့်ခြင်း၊ စလောင်း ဖွင့်ကြည့်ခြင်း၊ ဖုန်းအင်တာနက်အွန်လိုင်းအသုံးပြုခြင်း စသည်တို့ဖြင့် သတင်းအဆက် အသွယ်နှင့် နည်းပညာရရှိကြပါသည်။ ကျေးရွာ၌ ဖုန်းတာဝါတိုင် တပ်ဆင်ထားရှိမှု မရှိသေးသဖြင့် ဖုန်းအင်တာ နက်လိုင်း အသုံးပြုရာတွင် အခက်အခဲရှိပါသည်။

(ဃ) ပညာရေး

တြိန်းကျွန်းကျေးရွာ၌ မူလွန်ကျောင်း (၁) ကျောင်းတည်ရှိပါသည်။ ကျောင်းမှာ အုတ်ညှပ် သွပ်မိုး အမျိုးအအစားဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းတွင် စာရေးခုံ ၊ စားပွဲ၊ ကုလားထိုင် ၊ ပရိဘောဂများ လုံလောက်မှုမရှိသောကြောင့် ကျောင်းသား /သူများ စာသင်ကြားရာ တွင် အခက်အခဲရှိပါသည်။ ကျောင်း၌ ဆရာ/ဆရာမ ကျား(၃)ဦး၊ မ(၇)ဦးစုစုပေါင်း(၁၀)ဦး ရှိပါသည်။ကျောင်းသားနှင့်ဆရာ/ဆရာမအချိုးမှာ(၄၀:၁)အောက်ရှိသဖြင့် ဆရာ/ဆရာမ လုံလောက် မှုရှိပါသည်။ ကျောင်းတွင် အာဟာရ တိုက်ကျွေးမှုအနေဖြင့် ရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင် ရှိပါကလည်း တိုက်ကျွေး ဖြစ်ပါသည်။

တြိန်းကျွန်းကျေးရွာတွင် မူလတန်းအဆင့်ကျောင်းနေသူ(၁၁၃)ဦး၊ အလယ်တန်းအဆင့် ကျောင်းနေသူ(၅၄)ဦး၊အထက်တန်းအဆင့်ကျောင်းနေသူ(၃၅)ဦး ၊ တက္ကသိုလ်/ကောလိပ်ကျောင်း နေသူ(၁၈)ဦးရှိပါသည်။ကျေးရွာလူဦးရေ စုစုပေါင်း(၈၈၅)ဦးရှိသည့်အနက် စာတတ်မြောက်မှုဦးရေ ရာခိုင်နှုန်းမှာ (၈၀%)ခန့် ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေနိုင်မည့် လူစွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ပါသည်။

(ဇ) ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

တြိန်းကျွန်းကျေးရွာအုပ်စု၊ သောင်တန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းရှိပြီး(၂)မိုင်ခန့်အကွာတွင် ရှိပါသည်။ ကျေးလက်ဆေးပေးခန်း၌ ကျန်းမာရေးမှူးနှင့်

ဆေးဝါးပစ္စည်းများမလုံလောက်သဖြင့် ကျန်းမာရေးအတွက် ရွေလောင်းတိုက်နယ်ဆေးရုံနှင့် ဝါးခယ်မမြို့နယ်ဆေးရုံများသို့ သွားရောက်ကုသကြရပြီး အချိန်ကြန့်ကြာမှုရှိသည့် အတွက် အခက်အခဲရှိပါသည်။ ကာကွယ်ဆေးထိုးနှံမှုအနေဖြင့် ဝက်သက်ကာကွယ်ဆေးထိုးနှံမှုသာရှိပြီး အခြားကာကွယ်ဆေးထိုးနှံမှုများမရှိပါ။အာဟာရ ပညာပေးအစီအစဉ်များနှင့်အာဟာရ တိုက်ကျွေးမှု အစီအစဉ်များကိုလည်းနှစ်စဉ်ဆောင်ရွက် ပေးလျှက်ရှိပါသည်။ ကျေးရွာအတွင်း ဝမ်းပျက်ဝမ်းလျှောသွေးလွန် တုပ်ကွေး၊ ဖျားနာခြင်း၊ သွေးတိုး၊ ဆီးချိုစသည့် ရောဂါများအနည်းငယ် ဖြစ်ပွားလေ့ရှိပါသည်။

ကျေးရွာအား ကျန်းမာရေး အသိပညာပေးခြင်းများ၊ တစ်ကိုယ်ရေကျန်းမာရေး ပညာပေးများ ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမို ကောင်းမွန်သော ကျန်းမာပျော်ရွှင်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

ကျေးရွာရှိ ရေသုံးစွဲမှုမှာ အိမ်ထောင်စုများ အနေဖြင့် မြစ်/ချောင်းရေကိုသာ အဓိကထားအသုံးပြုကြပါသည်။အိမ်ထောင်စုအချို့မှာ အဝီစိတွင်းစက်တပ်/တုံကင်နှင့် ရေတွင်းတို့မှ ရယူသုံးစွဲကြပြီး ရေအရည်အသွေးစမ်းသပ်စစ်ဆေးမှုမရှိသဖြင့် သန့်ရှင်း/လုံလောက်မှုမှာ အသင့်အတင့်သာရှိသဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ရပါသည်။ စိုက်ပျိုးရေအဖြစ် မြစ်/ချောင်းရေကို ရာသီမရွေးသုံးစွဲနိုင်ပါသည်။တြိန်းကျွန်း ကျေးရွာ၌ အမှိုက်သရိုက်များ လွန်စွာနည်းပါးခြင်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများမှာလည်း စည်းစနစ်ရှိစွာဖြင့် မွေးမြူကြသောကြောင့် သန့်ရှင်းသာယာသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာ တွင် အိမ်ထောင်စု ပေါင်း (၂၀၀) အိမ်ထောင်စုရှိပြီး ရေလောင်း/ယင်လုံအိမ်သာ ကိုအများဆုံး အသုံးပြုကြသော်လည်း အိမ်သာမရှိသောအိမ်ထောင်စုများမရှိပါ။ သန့်ရှင်းသော ရေလောင်း/ ယင်လုံအိမ်သာ သုံးစွဲမှု အသိပညာလိုအပ်ပါသည်။

(၈) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တြိန်းကျေးရွာရှိ သဘာဝဘေးအန္တရာယ်အနေဖြင့်မိုးဦးကာလတွင် မုန်တိုင်းကျရောက်ခြင်း ၊ ရေကြီးရေလျှံခြင်းအနည်းငယ်ဖြစ်ပေါ်တတ်ပြီးငလျင်လှုပ်ခြင်းလည်းရံဖန်ရံခါဖြစ်ပေါ်တတ်ပါသည်။

တီဗီ၊ရေဒီယို၊ဖုန်းအစရှိသည်တို့မှလည်း သဘာဝဘေးအန္တရာယ်သတင်းအချက်အလက်များ ရရှိပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များပြုလုပ်ထားရှိပါသည်။

(စ) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

တြိန်းကျွန်းကျေးရွာတွင် လူဦးရေ(၈၈၅) ဦးရှိသည့် အနက် အမျိုးသားဦးရေ (၄၂၉)ဦး နှင့် အမျိုးသမီးဦးရေ(၄၅၆)ဦး ဖြစ်ပါသည်။ ကျား၊မလူဦးရေရာခိုင်နှုန်းမှာ ကျား(၄၈%)၊ မ(၅၂%) ကျေးရွာတွင် ကျားမလူဦးရေ မျှတလျှက်ရှိပါသည်။

လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် လုပ်ခလစာအနေဖြင့် နေ့စားအမျိုးသားတစ်ဦးလျှင် (၆၀၀၀)နှုန်းရရှိပြီး၊ နေ့စားအမျိုးသမီးတစ်ဦးလျှင်(၄၀၀၀)နှုန်းခန့် ရရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမားနှင့်ပန်းရံ နေ့စားအမျိုးသား/သမီးလျှင်တစ်ဦးလျှင် (၅၀၀၀-၄၀၀၀)နှုန်းခန့် ရရှိကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့အစည်းများရှိသော်လည်း ရပ်ရေးရွာရေး ကိစ္စများတွင်ပါဝင်ဆောင်ရွက်မှုအားနည်းနေပါသည်။

၁၀။ **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

ကျေးရွာအုပ်စုအမည်- တြိန်းကျွန်း			ကျေးရွာအမည်-တြိန်းကျွန်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းများ	
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာမလမ်းကွန်ကရစ်ခင်းခြင်း။	
၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	တြိန်းကျွန်း-ရတနာသောင်သစ်ချောင်းကူးတံတားတည်ဆောက်ဆောက်ခြင်း။	
၃	အခြေခံအဆောက်အဦ	ကျန်းမာရေး	ဆေးပေးခန်းအဆောက်အဦတည်ဆောက်ခြင်း။	
၄	ပညာရေး	စာကြည့်တိုက်အဆောက်အဦ	စာကြည့်တိုက်တည်ဆောက်ခြင်း။	
၅	ပညာရေး	ကျောင်းအဆောက်အဦ	KG ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း။	
၆	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	အားကစားကွင်းတည်ဆောက်ခြင်း။	
၇	လျှပ်စစ်	ဆိုလာ/မဟာဓာတ်အားလိုင်း	ဆိုလာ/မဟာဓာတ်အားလိုင်းဆောင်ရွက်ခြင်း။	

တြိန်းကျွန်းကျေးရွာအုပ်စု၊တြိန်းကျွန်းကျေးရွာ၊ကျေးရွာဖွဲ့ဖြိုးရေးကော်မတီများစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမင်းနိုင်	ဦးရွှေအေး	၁၄/ဝခမ(နိုင်)၂၃၄၆၂၄	၄၈	ဥက္ကဋ္ဌ	၀၉-၈၉၄၅၀၉၇၆၀
၂	ဦးမောင်ဝင်း	ဦးအေးဖေ	၁၄/ဝခမ(နိုင်)၂၀၁၇၉၂	၄၈	အတွင်းရေးမှူး	-
၃	ဦးစည်သူ	ဦးသိန်းဇော်	၁၄/မအပ(နိုင်)၂၀၇၅၁၆	၂၈	ဘဏ္ဍာရေးမှူး	၀၉-၄၂၀၀၁၇၂၀၀
၄	ဦးဂျူးဇင်အောင်	ဦးသန်းအောင်	-	၃၃	စာရင်းကိုင်	၀၉၇၈၀၄၀၀၉၉၆၈
၅	ဦးကျော်ထွန်း	ဦးစိန်မြဝင်း	-	၃၀	အဖွဲ့ဝင်	-
၆	ဒေါ်ကြည်ပြာ	ဦးဖြူရှမ်း	-	၃၇	။	၀၉-၇၉၉၇၅၈၇၄၆
၇	ဒေါ်ရတနာလင်းထက်	ဦးနေလင်းထွန်း	-	၁၈	။	၀၉-၇၈၂၃၉၈၆၁၆
၈	ဒေါ်ဝင်းပပ	ဦးဝင်းမောင်	၁၄/ဝခမ(နိုင်)၃၁၃၂၂၁	၂၀	။	၀၉-၇၉၉၆၆၆၆၇၀၄
၉	ဦးခိုင်ဦး	ဦးမောင်ဟန်	-	၄၃	။	၀၉-၇၉၄၉၂၄၆၄၈

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစု ပေါင်း
၁နှစ်အောက်	နို့စို့အရွယ်	၁၀	၁၀	၂၀
၁နှစ်မှ၄နှစ်	၅နှစ်အောက်ကလေးငယ်	၂၄	၂၈	၅၂
၅နှစ်မှ၉နှစ်	မူလတန်းကျောင်းသားအရွယ်	၄၅	၄၂	၈၇
၁၀နှစ်မှ၁၄နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၇	၄၇	၈၄
၁၅နှစ်မှ၆၄နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၈၇	၃၀၆	၅၉၃
၆၅နှစ်နှင့်အထက်	သက်ကြီးရွယ်ကြီး	၂၆	၂၃	၄၉
စုစုပေါင်း		**၄၂၉**	**၄၅၆**	**၈၈၅**
စုစုပေါင်းအိမ်ထောင်စု		**၂၀၀**		

ရင်းမြစ် ... ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။**လေ့လာတွေ့ရှိချက်**။ ။တြိန်းကျွန်းကျေးရွာတွင် အိမ်ခြေပေါင်း (၂၀၀) ၊ လူဦးရေ မှာ(၈၈၅) ဦး ရှိပြီး ကျား(၄၂၉)ဦး ၊ မ(၄၅၆)ဦး ဖြစ်ပါသည်။ ကျေးရွာရှိ လူဦးရေ စာရင်းကောက်ယူမှုအရ အလုပ် မလုပ်နိုင်သောဦးရေမှာ စုစုပေါင်း၏(၃၃%)ဖြစ်ပြီး၊ အလုပ်လုပ်နိုင် သောဦးရေမှာ စုစုပေါင်း၏ (၆၇%)ရှိသဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အပံ့ဖြစ်စေပါသည်။ ကျေးရွာတွင် (၆၅)နှစ်နှင့်အထက် သက်ကြီး ရွယ်အိုများ ရှိကြပြီး သက်ကြီးရွယ်အိုများအတွက် ကူညီစောင့်ရှောက်ပေးသည့် အဖွဲ့များ လည်းရှိကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွားလုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				

	ကိုယ်ပိုင်လုပ်ငန်း	၁၄၆	၃၆၆		မြင့်■လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း	၅၃	၁၇၇	၁၀၉	မြင့်□လတ်■နိမ့်□

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂	**တိရစ္ဆာန်မွေးမြူရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၈၁			မြင့်□လတ်□နိမ့်■
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုဇွန်စသောရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ဓာတ်ငွေ့နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□

	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၈	**ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	၁၁			မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၉	**ယာဉ်၊စက်ကိရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ(ဆံပြင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၂	**ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐

၁၄	**ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၅	**အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၆	**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၉	**လူမှုရေးလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့်အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ကျပန်း/ ရာသီအလိုက်အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				

	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား/ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ **"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်းပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။တြိုန်းကျွန်းကျေးရွာတွင် အလယ်အလတ်အဆင့် အိမ်ထောင်စု အများဆုံးရှိပြီးအဆင်းရဲဆုံးအိမ်ထောင်စုမှာ(၁၃%)ခန့်ရှိကြောင်းတွေ့ရှိရပါသည်။ လယ်လုပ်ငန်းနှင့် ပြင်ပလုပ်ငန်းများ၊ လက်သမား/ပန်းရံလုပ်ငန်းတို့မှ ဝင်ငွေရရှိမှုဖြင့် ရပ်တည်နေထိုင်ကြပြီး၊ အိမ်ထောင်စုအများစု၏ နေအိမ်များမှာ ပျဉ်ထောင် ၊ သွပ်မိုးအိမ်များ၊ တိုက်ခံအိမ်များ၊ ခနို/ဝါးအိမ်များဖြင့် နေထိုင်ကြောင်းတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	**အလုပ်အကိုင်**	**ရေတွက်ပုံ**	**အများဆုံး(ကျပ်)**		**အနည်းဆုံး(ကျပ်)**	
			ကျား	မ	ကျား	မ
၁	လယ်ယာလုပ်ငန်း	နေ့စား	၆၀၀၀	၄၀၀၀	၄၀၀၀	၂၅၀၀
၂	တိရိစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း-ရေချို / ရေငန် ငါးဖမ်းခြင်း ၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္ထု တူးဖော်ရေး ၊ ကျောက်	နေ့စား	-	-	-	-

	ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	-	၄၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက် (၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ= (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ= (တစ်နာရီဝင်ငွေ ×၈)

လေ့လာတွေ့ရှိချက်။ ။ တြိန်းကျွန်းကျေးရွာတွင် ကျား/မအလုပ်သမားများသည် လယ်ယာလုပ်ငန်း၊ လက်သမား ၊ ပန်းရံလုပ်ငန်း နှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၌ လုပ်ကိုင်ကြကြောင်းတွေ့ရှိရပါသည်။ လယ်ယာလုပ်ငန်းတွင် နေ့စားအမျိုးသား(၁)ဦး၏လုပ်အားခ နှုန်းထားမှာ အများဆုံး(၆၀၀၀) ကျပ်၊ အနည်းဆုံး(၄၀၀၀)ကျပ်ဖြစ်ပြီး၊ နေ့စားအမျိုးသမီး(၁)ဦး၏လုပ်ခနှုန်းထားမှာအများဆုံး(၄၀၀၀)ကျပ်၊ အနည်းဆုံး(၂၅၀၀)ကျပ်ဖြစ်ပါသည်။ လက်သမား၊ ပန်းရံနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် နေ့စားအမျိုးသားတစ်ဦး၏ လုပ်အားခမှာအများဆုံးမှာ (၆၀၀၀) ကျပ် ဖြစ်ပြီး၊ အနည်းဆုံးလုပ်ခမှာ(၄၀၀၀)ကျပ်ဖြစ်ပါသည်။ ကျေးရွာရှိ အမျိုးသား လုပ်အားခနှင့် အမျိုးသမီးလုပ်အားခနှုန်းထားမှာ အနည်းငယ်ကွာဟမှုရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ဂ) သဘာဝအရင်းအမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ(ဧက)**	**မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုသာရွေးရန်)**
လယ်မြေ	၇၂	ကောင်း ☐ သင့် ■ ညံ့ ☐
ယာမြေ/တောင်ယာ	-	ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ	၅၉	ကောင်း ☐ သင့် ■ ညံ့ ☐
ကိုင်း/ကျွန်းမြေ	၃၁၁	ကောင်း ☐ သင့် ■ ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ်မြေလတ်	-	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	**၄၄၂**	**-**

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။တြိန်းကျွန်းကျေးရွာတွင် လယ်မြေ (၇၂) ဧက၊ ဥယျာဉ်ခြံမြေ(၅၉)ဧက၊
ကိုင်း/ကျွန်းမြေ(၃၁၁)ဧကရှိပြီး စုစုပေါင်းမြေ (၄၄၂)ဧကရှိပါသည်။ကျေးရွာတွင် မိုးစပါး၊ နွေစပါး ကို အဓိက စိုက်ပျိုးကြပြီး၊ ရာသီအလိုက် ပဲ၊ ငရုတ်၊ ပြောင်း၊ ပဂန် စသည့်အခြားသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်	အသုံးချနိုင်မှု

	တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်)	များ☐ သင့် ☐ နည်း ☐မရှိ ■	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့် ☐ နည်း ☐မရှိ ■	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ☐
သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့် ☐ နည်း ☐မရှိ ■	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ☐
သဘာဝတိရိစ္ဆာန်မျိုးစိတ်များ	များ☐ သင့် ☐ နည်း ☐မရှိ ■	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။တြိန်းကျွန်းကျေးရွာတွင် ဓာတ်သတ္ထုဆိုင်ရာများ၊ အခြားသဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိသလောက် နည်းပါးပါသည်။ သဘာဝအပင်မျိုးစိတ်များ အနည်းငယ်ပေါက်ရောက်သော်လည်း သဘာဝတိရစ္ဆာန် မျိုးစိတ်များ မတွေ့ရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲ သော အိမ်ထောင်စု

မြေယာပိုင်ဆိုင်မှု	၁၀ကေအထက်	၆ကေအထက်	၁/၅ကေအတွင်း	မရှိ
အိမ်အခြေအနေ	တိုက်	သစ်အိမ်	ဝါးအိမ်	ဝါးအိမ်
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက် လက်တွန်းထွန်စက် အစေ့ချကိရိယာ ရေစုပ်စက်/မြက်ရိတ်စက်	လက်တွန်းထွန်စက် ရေစုပ်စက်/မြက်ရိတ်စက်	-	-
အဓိကစီးပွားရေးလုပ်ငန်း	လယ်/ စျေးဆိုင်ကြီး	ကိုင်း/ စျေးရောင်း	ကိုင်း/ စျေးရောင်း	ကျပန်း/ လက်လုပ်လက်စား
အိမ်ထောင်စု	၁၀(၅%)	၄၀(၂၀%)	၁၃၇(၆၈.၅%)	၁၃(၆.၅%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ တြိန်းကျွန်းကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု၁၀(၅%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၄၀(၂၀%)၊ ဆင်းရဲသော အိမ်ထောင်စု ၁၃၀(၆၈.၅%) ၊ အလွန်ဆင်းရဲသောအိမ်ထောင်စု ၁၃(၆.၅%) ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။ လေ့လာတွေ့ရှိချက်အရ ဆင်းရဲသောအိမ်ထောင်စုမှာ များပြားပြီး အဆင်ပြေသောအိမ်ထောင်စုမှာ အနည်းငယ်သာရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းမှာ နည်းပါးနေကြောင်းတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၁၅	အခြားအစာပြောင်းလဲစား = မရှိပါ။ အစာလျှော့စား = မရှိပါ။ အထောက်အပံ့ယူ = ၃ ချေးယူ = ၈ လုပ်အားခကြိုယူ = ၄

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = မရှိပါ။ အစာလျှော့စား = မရှိပါ။ အထောက်အပံ့ယူ = မရှိပါ။ ချေးယူ = မရှိပါ။ လုပ်အားခကြိုယူ = မရှိပါ။
ဖြလနှင့်၁၂လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = မရှိပါ။ အစာလျှော့စား = မရှိပါ။ အထောက်အပံ့ယူ = မရှိပါ။ ချေးယူ = မရှိပါ။ လုပ်အားခကြိုယူ = မရှိပါ။

ရင်းမြစ်.. ဥစ္စာဓနအဆင့်“၃”နှင့်“၄”အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဝမ်းစာဖူလုံမှုအနေဖြင့် တြိန်းကျွန်းကျေးရွာတွင် ဆင်းရဲ / အလွန်ဆင်းရဲသော အိမ်ထောင်စုသည် ကျေးရွာအိမ်ထောင်စု၏(၇၅%) ရှိပြီး ချေးယူခြင်း၊လုပ်အားခကြိုတင်ယူခြင်း စသည့်အချက်များဖြင့်သာ မိမိတို့၏ စားဝတ်နေရေးကိစ္စများကို အဓိကလုပ်ဆောင်ဖြေရှင်းကြပါသည်။ အခြားအစာပြောင်းလဲစားခြင်း နှင့် အစာလျော့စားခြင်း မျိုးမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၆၄)နှစ်နှင့် အထက်	၂၆	၂၃	၄၉
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
			အိမ်ထောင်စုအရေအတွက်
ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုး သမီးဦးဆောင်အိမ်ထောင်စု		၉	
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု			

အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၆

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တြိန်းကျွန်းကျေးရွာတွင် သက်ကြီးရွယ်အို (၆၄)နှစ်နှင့်အထက် ကျား(၂၆) ဦး ၊ မ (၂၃) ဦး စုစုပေါင်း(၄၉)ဦး ရှိပြီး မိသားစုစောင့်ရှောက်မှုဖြင့် နေထိုင်သော အိမ်ထောင်စုနှင့် မိသားစုစောင့်ရှောက်မှုမရှိသော အိမ်ထောင်စုများရှိကြပါသည်။ မိသားစုစောင့်ရှောက်မှုမရှိသည့် အိမ်ထောင်စုများအား ကျေးရွာရှိသက်ကြီးရွယ်အိုစောင့်ရှောက်မှုအဖွဲ့များမှ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများမှာ အလုပ်လုပ်ကိုင်နိုင်သူများဖြစ်ပြီး ကျပန်းလုပ်ငန်းများ အသက်မွေးဝမ်းကြောင်းပြု၍ နေထိုင်နေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ■ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေစိုက်ပျိုးရေ)	မြင့် ☐ လတ် ■ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၁၆	တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■

၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ်☐ နိမ့် ■ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တြိန်းကျွန်းကျေးရွာတွင် မိုးဦးကာလ၌ ရံဖန်ရံခါ ရေကြီးခြင်းနှင့် မုန်တိုင်းများကျရောက်တတ်ပြီး၊ သဘာဝဘေးအန္တရာယ်အနေဖြင့် ဆိုးဝါးစွာ ကျရောက်မှုနှင့် ကပ်ဘေးရောဂါများ ကျရောက်မှုမရှိပါဘဲ ကိုယ်ခံအားကျဆင်းမှုရောဂါ အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် မိုးတွင်းအခါ၌ အလုပ်အကိုင်ရှားပါးသဖြင့် စားနပ်ရိက္ခာဖူလုံမှု အခက်အခဲရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုသာရွေးရန်)
၁	လူငယ်	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐ လတ်☐ နိမ့် ■ မရှိ ☐
၃	ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ■ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးဝါးစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ■
၆	မတော်တဆမှု ဖြစ်နိုင်ခြေများသော နေရာ(Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့်☐ မရှိ ■
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ■

၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■

၂၆

စဉ်	**ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**	**ထိခိုက်လွယ်မှု(မှန်ရာတစ်ခုသာရွေးရန်)**
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၁၆	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ■
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐
၁၈	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ■ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တြိန်းကျွန်းကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အိမ်ထောင်စု အများအပြားရှိပြီး ၎င်းတို့သည် ကျပန်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ဆိုးရွားစွာကျရောက်ခြင်းမျိုးမရှိပါ။ အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးသည့်အတွက် အခြားရပ်ဝေးသို့ ရွှေ့ပြောင်း၍ လုပ်ကိုင်နေကြသော အိမ်ထောင်စုအချို့ရှိကြောင်းလေ့လာတွေ့ရှိရပါ သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(၂.၁.၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စ	အဖွဲ့အစည်း	အမျိုး	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်

၌	အမည်	အစား (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)	ကျား	မ	ပေါင်း		နိုင်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်)
၁	စိုက်ဘဏ်အဖွဲ့	၁ ■ ၂ □ ၃ □				ပညာရေး□ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးရေးမွေးမြူရေး ■ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး □	ကောင်း ■ သင့် □ ညံ့ □

၂၇

စ ၌ ၂	အဖွဲ့အစည်း အမည်	အမျိုး အစား (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင် နိုင်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
	ရပ်မိရပ်ဖအဖွဲ့	၁ □ ၂ ■ ၃ □	၅	၃	၈	ပညာရေး□ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးရေးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■ လုံခြုံရေးနှင့်ကာကွယ်ရေး □	ကောင်း □ သင့် ■ ညံ့

၃	အမျိုးသမီးရေးရာအဖွဲ့	၁ ☐ ၂ ■ ၃ ☐		၆	၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးရေးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ■	ကောင်း ☐ သင့် ■ ညံ့ ☐
၄	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့	၁ ☐ ၂ ■ ၃ ☐	၆	၃	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးရေးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☐ သင့် ■ ညံ့ ☐
၅	ဘာသာရေးအဖွဲ့	၁ ☐ ၂ ☐ ၃ ■	၄	၃	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ■ စိုက်ပျိုးရေးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ■ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			များ	မ	ပေါင်း		
၆	မီးသတ်	၁ ☐ ၂ ■ ၃ ☐	၆		၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ■ သင့် ☐ ညံ့ ☐

						စိုက်ပျိုးရေးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ■	
၇	ပြည်သူ့စစ်	၁ ☐ ၂ ■ ၃ ☐	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးရေးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ■	ကောင်း ■ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

မှတ်ချက်။ အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့- ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။တြိန်းကွန်းကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေမှာ အသင့်အတင့် ရှိပါသည်။ကျေးရွာတွင်ဘာသာရေးအဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မီးသတ်/ ပြည်သူ့စစ် အဖွဲ့နှင့် အခြားကျေးရွာဖွံ့ဖြိုးရေး အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး အကောင်အထည်ဖော်

ဆောင်ရွက်မှု အားကောင်းကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား	အဖွဲ့အစည်း၏လုပ်ငန်း တာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)

၁	ဓမ္မစကူးလ်အဖွဲ့	၁☑၂☐၃☐၄☐၅☐၆ ☐၇☐	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး☑ စိုက်ပျိုးရေးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ) (ဥပမာ – ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ) (ဥပမာ – Care International , Save the Children , Gret,Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ – ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ – GIZ , UK Aid , USAid စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ တြိန်းကျွန်းကျေးရွာအုပ်စု၊ တြိန်းကျွန်းကျေးရွာတွင် အစိုးရမဟုတ်သောပြည်ပအဖွဲ့အစည်းများအနေဖြင့် ဓမ္မစကူးလ်အဖွဲ့မှ ကျေးရွာဖွံ့ဖြိုးရေးအတွက် လာရောက်ဆောင်ရွက်ပေးကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်

၁	မြေယာမဲ့	၅၇	မြေမဲ့ယာမဲ့
၂	၂.၅ကအောက်	၉၇	ဆင်းရဲသားတောင်သူ
၃	၂.၅ကမှ၅ကအထိ	၂၆	တောင်သူငယ်
၄	၅ကမှ၁၂.၅ကကြား	၁၇	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ကအထက်	၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၂၀၀**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ တြိန်းကျွန်းကျေးရွာတွင် လယ်မြေကပိုင်ဆိုင်သော တောင်သူလယ်သမားအိမ်ထောင်စုသည် စုစုပေါင်းအိမ်ထောင်စု၏(၇၁.၅%)ခန့်ရှိ၍ စပါးစိုက်ပျိုးထုတ်လုပ်ခြင်း ကိုအဓိကထားလုပ်ကိုင်သောကျေးရွာတစ်ရွာဖြစ်ပါသည်။ လယ်မြေမရှိသောသူအချို့မှာ မွေးမြူရေး၊ အရောင်းအဝယ် နှင့် နေ့စားကျပန်းလုပ်သားများ ၊ ပြင်ပသို့ သွားရောက်လုပ်ကိုင် သူများလည်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	ရေသောက် (ဧက)	ရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐

စဉ်	ရင်းမြစ်	ရေသောက် (ဧက)	ရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၅	အဝီစိတွင်း (တုံကင်)	၄၄၂	တစ်နှစ်ပတ်လုံး■ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ■ မရှိ□
၆	လက်ငင်း ရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□
၈	မြစ်/ချောင်းရေ	၄၄၂	တစ်နှစ်ပတ်လုံး■ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ■ မရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တြိန်းကျွန်းကျေးရွာတွင် အဝီစိတွင်း (တုံကင်) မှ ထွက်ရှိသောရေနှင့် တစ်နှစ်ပါတ်လုံး လုံလောက်မှုရှိသည့်အပြင် လယ်ယာစိုက်ပျိုးရေးကဏ္ဍများအတွက် မြစ်ရေ၊ ချောင်းရေများကို တစ်နှစ်ပါတ်လုံး လုံလောက်စွာ အသုံးပြုနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) **အဓိကသီးနှံများနှင့်အထွက်နှုန်း**

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မိုးစပါး	၉၅	တင်း	၄၀	၈၀	၆၀	ဇွန်	အောက်တိုဘာ	မြင့်□ လတ်■ နိမ့်□	မြင့်□ လတ်■ နိမ့်□
နွေစပါး	၃၀	တင်း	၆၀	၉၀	၈၀	ဒီဇင်ဘာ	မတ်	မြင့်□ လတ်■ နိမ့်□	မြင့်□ လတ်■ နိမ့်□
ပဲ	၉၀	တင်း	၁၂	၁၅	၁၂	နိုဝင်ဘာ	ဖေဖော်ဝါရီ	မြင့်□ လတ်■ နိမ့်□	မြင့်□ လတ်■ နိမ့်□
ငရုတ်	၆၀	တင်း	၃၅၀	၄၀၀	၄၀၀	အောက်တိုဘာ	ဇွန်	မြင့်□ လတ်■ နိမ့်□	မြင့်□ လတ်■ နိမ့်□
အစေ့ထွတ်ပြောင်း	၈၀	တင်း	၆၀	၁၀၀	၈၀	နိုဝင်ဘာ	မတ်လ	မြင့်□ လတ်■ နိမ့်□	မြင့်□ လတ်■ နိမ့်□
ပကန်	၄၄	တင်း	၅	၇	၅	အောက်တိုဘာ	ဇွန်	မြင့်□ လတ်■ နိမ့်□	မြင့်□ လတ်■ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တြိန်းကျွန်းကျေးရွာတွင် စပါးသီးနှံကို အဓိက စိုက်ပျိုးကြပြီး အခြားသီးနှံများဖြစ်သော ပဲ၊ ငရုတ်၊ အစေ့ထွက်ပြောင်း၊ ပကန်စသည့် ရာသီအလိုက် သီးနှံများကိုလည်း စိုက်ပျိုးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) **ကျေးရွာ၏စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၁	-	-	၅၃
လက်တွန်းထွန်စက်	၈	-	-	၆၀
အစေ့ချကိရိယာ	၁	-	-	
ရိတ်သိမ်းစက်	-	-	-	
ခြွေလှေ့စက်	၂	-	-	၅၅
ရေစုပ်စက်	၇၄	-	-	၁၀
ခြေနင်းရေတင်စက်	-	-	-	
မြက်ရိတ်စက်	၁၉	-	-	၁၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တြိန်းကျွန်းကျေးရွာ၌ လယ်ယာလုပ်ငန်းများလုပ်ကိုင်ရာတွင် ကျွဲ၊နွား များနှင့်လယ်ယာသုံးစက်ပစ္စည်းအချို့ကို အသုံးပြုကြပါသည်။ လူနည်းစုသာ စက်ပစ္စည်းများ ပိုင်ဆိုင်ကြပြီး အချို့မှာငှားရမ်း၍ အသုံးပြုကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာရှိအိမ်ထောင်စု အများစုသည် လယ်ယာလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြသော်လည်း ကျေးရွာပိုင် လယ်ယာသုံး စက်ပစ္စည်းများမရှိသောကြောင့် အခြားမှ ငှာရမ်းလုပ်ကိုင်သူ(၁၈၈)ဦးခန့် ရှိကြောင်းလေ့လာ တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်

	(မှန်ရာတစ်ခုကိုသာ ရွေးရန်။ဖေယားဝဂှနှင့်ဘစကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ■ မဖြေဆိုပါ ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ■ မဖြေဆိုပါ ☐

၃၃

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** **(မှန်ရာတစ်ခုကိုသာ ရွေးရန်။ဖေယားဝဂှနှင့်ဘစကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)**
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့် ■ မဖြေဆိုပါ ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ■ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ■ မဖြေဆိုပါ ☐
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ■ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ■ မဖြေဆိုပါ ☐
လုပ်သားရနိုင်မှု	အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် ■ မဖြေဆိုပါ ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် ■ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ သီးနှံများကိုရောင်းချနိုင်သည် ■ မဖြေဆိုပါ ☐

ရင်းမြစ်...(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ တြိနိုးကျွန်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သောကျေးရွာဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် နည်းပညာများ၊ အသိပညာပေး

ဆွေးနွေးပွဲများနှင့် ဓါတ်မြေဩဇာအသုံးပြုပုံနည်းစနစ်များကို ပို့ချဆောင်ရွက်ပေးသင့်ပါသည်။ လယ်ယာသုံးစက်ပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးသောကုမ္ပဏီများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်လျှင် လယ်ယာလုပ်ငန်းများ ပိုမိုတိုးမြှင့်လုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။ သို့မှသာ ကျေးရွာပြည်သူများ လယ်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့ပြီး၊သီးနှံအထွက်နှုန်းများတိုးပွားလာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့် ၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☒ မဖြေဆိုပါ ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ။ ☒ လယ်ယာမြေဆုံးရှုံးမှုများသည်။ ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်။ ☐ ပလပ်မြေများရှိသည်။ ☐ ပလပ်မြေအသင့်အတင့်ရှိသည်။ ☐ မဖြေဆိုပါ
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐

သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရနိုင်မှု	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ။ ☒ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ။ ☐ မဖြေဆိုပါ ☐
